**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး**
**ဗီယင်နာမြို့**

# အသိပေးကြေညာချက်

၁။ ပြည်ပရောက် မြန်မာနိုင်ငံသားများအနေဖြင့် ၎င်းတို့၏နိုင်ငံကူးလက်မှတ်များ သက်တမ်းကုန်ဆုံးသွားပါက သက်တမ်းတိုးလျှောက်ထားခြင်းလုပ်ငန်းကို မြန်မာနိုင်ငံ၌ ပြန်လည်လျှောက်ထားရမည်ဖြစ်ကြောင်း ဆိုရှယ်မီဒီယာများနှင့် လူမှုကွန်ယက်စာမျက်နှာများတွင် ပျံ့နှံ့လျက်ရှိကြောင်း တွေ့ရှိရပါသည်။ အဆိုပါဖော်ပြချက်များမှာ သတင်းမှားများသာဖြစ်ကြောင်း အသိပေး ဖော်ပြအပ်ပါသည်။

၂။ ဗီယင်နာမြို့၊ မြန်မာသံရုံးအနေဖြင့် ဩစတြီးယားနိုင်ငံနှင့် ပူးတွဲတာဝန်ယူထားသော နိုင်ငံများဖြစ်ကြသည့် အယ်လ်ဘေးနီးယား၊ ဟိုလီစီးနိုင်ငံ(ဗာတီကန်)၊ လစ်သူယေးနီးယားနိုင်ငံတို့တွင် အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိ အလုပ်လုပ်ကိုင်/နေထိုင်နေသည့် မြန်မာနိုင်ငံသားများ၏ နိုင်ငံကူးလက်မှတ်သက်တမ်းတိုးခြင်း၊ အသစ်ထုတ်ပေးခြင်းလုပ်ငန်းများ အပါ အဝင် ကောင်စစ်ဆိုင်ရာကိစ္စရပ်များကို သံရုံး၌ ပုံမှန်အတိုင်း လက်ခံ ဆောင်ရွက်ပေးလျက်ရှိကြောင်း ဖော်ပြအပ်ပါသည်။

၃။ ဗီယင်နာမြို့၊ မြန်မာသံရုံး၌ သာမန်မြန်မာနိုင်ငံကူး လက်မှတ်အမျိုးအစား (၇)မျိုးဖြစ်သည့် PB(Business Passport)၊ PT(Dependent Passport)၊ PJ(Job Passport)၊ PR(Religious Passport)၊ PS(Seaman Passport)၊ PE(Student Passport)နှင့် PV(Visit Passport)များအားလုံးကို သတ်မှတ်စည်းမျဉ်း/စည်းကမ်းများနှင့်အညီ သက်တမ်းတိုးပေးခြင်း၊ အသစ်ထုတ်ပေးခြင်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း အသိပေး ဖော်ပြအပ်ပါသည်။

**မြန်မာသံရုံး၊ ဗီယင်နာမြို့**
**ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၆ ရက်**